# မေ့လျော့နီးပါးသော အမှန်တရား

YR C NO. 42

အလွတ်ကျမ်းချက်။ ။ ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၁၉၊ ၂၀

"ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်၍ ကျင့်ကြံကြလော့။ ငါ၏ဥပုသ်နေ့တို့ကိုလည်း သန့်ရှင်းစေကြလော့။ ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်သည်ဟု၊ သင်တို့သည်သိမည်အကြောင်း၊ ထိုဥပုသ်နေ့တို့ကို ငါနှင့်သင်တို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေကြလော့ဟု ငါဆို၏။"





## တနင်္ဂနွေနေ့ ၊ ဥပုသ်နေ့ကို ပြန်လည်ရှာဖွေတွေ့ရှိခြင်း ၁

၁၈၃၀ နှင့် ၁၈၄၀ နှစ်များသည် စိတ်လှုပ်ရှားစရာကောင်းသော အချိန်ကာလများဖြစ်သည်။ လူများတို့သည် မိမိတို့၏ကျမ်းစာများကို စိတ်အားထက်သန်စွာလေ့လာကြသည်နှင့်အမျှ၊ နှစ်ပေါင်းရာနှင့်ချီ လျစ်လျူရှုခံခဲ့ရသော သို့မဟုတ် နားလည်မှုလွဲခံခဲ့ကြသော ကျမ်းစာအမှန်တရားများစွာ အတွက် စတင် "နိုးထ" လာခဲ့ကြသည်။

ဥပမာအားဖြင့်၊ ထိုအချိန်က လူကြိုက်များ၍ထင်ရှားကျော်ကြားသော အသင်းတော်များသည် သခင်ယေရှုဒုတိယအကြိမ်ကြွမလာမီ အနှစ်တစ်ထောင်ငြိမ်းချမ်းမှုရှိလိမ့်မည်ဟု သွန်သင်ခဲ့သည်။ သို့သော် ဤ "ကြွလာတော်မူခြင်းကို ယုံကြည်သောမြော်လင့်ခြင်း နိုးထမှု" အတွင်း၌ ကျမ်းစာကျောင်းသားများသည် သခင်ယေရှုမကြာမီ ကြွလာမည် (ဒုတိယအကြိမ် ကြွလာခြင်း) ကို ရှာဖွေတွေ့ရှိရန် စိတ်လှုပ်ရှားခဲ့ကြသည်။ လူအများတို့သည် သေခြင်းတရားသည် အိပ်ပျော်ခြင်းနှင့်တူကြောင်းလည်း နားလည်လာပြီး ၎င်းသည် ထာဝရ မီးလောင်နေသောငရဲကဲ့သို့သော နေရာမရှိဟူသော အမှန်တရားကို ဖြစ်ပေါ်စေခဲ့သည်။ ထိုအရာများကိုလေ့လာခြင်းက ရှင်ပြန်ထမြောက်ခြင်းအကြောင်းနဲ့ ပတ်သက်ပြီး သမ္မာကျမ်းစာ သွန်သင်ထားသည့်အရာကို ပိုနားလည်စေရန် အထောက်အကူဖြစ်ခဲ့သည်။

လူများတို့မျှော်လင့်ထားသကဲ့သို့၊ သခင်ယေရှုသည် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် ကြွလာတော်မမူသောအခါ များစွာသောသူတို့သည် စိတ်ပျက်ခဲ့ကြပြီး၊ ယုံကြည်ခြင်းကို စွန့်လွှတ်ခဲ့ကြသည်။ သို့သော် ဘုရားသခင်၏စစ်မှန်သောလူများသည် ထိုသို့ မဟုတ်ခဲ့ချေ။ ထိုသို့အစား၊ သူတို့သည် မိမိတို့၏သမ္မာကျမ်းများကို ပို၍စိတ်အားထက်သန်စွာလေ့လာခဲ့ကြပြီး၊ ပို၍အံ့သြစရာကောင်းသောအမှန်တရားများကို တွေ့ရှိရန် ဆက်လက်လေ့လာခဲ့ကြသည်။ လွန်ခဲ့သောအပတ်က သခင်ယေရှုသည် ကောင်းကင်တဲတော် သန့်ရှင်းရာဌာနတော်၌ ကျွန်ုပ်တို့အတွက် ဘာလုပ် လုဆောင်နေသည်ကို နားလည်ရန် သူတို့ အဘယ်သို့စတင်နားလည် သဘောပေါက်ကြောင်းကို ကျွန်ုပ်တို့လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။ ဘုရားသခင်သည် မိမိလူတို့အား ကူညီရန် မိမိ၏အထူးသတင်းစကားများကို အဘယ်သို့ စတင်ပေးခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့လေ့လာခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာခေါင်းစဉ်နှစ်ခုသည် နားလည်ရန် အလွန်အရေးကြီးသောကြောင့်ဖြစ်ပြီး၊ ၎င်းတို့အကြောင်းနှင့်ပတ်သတ်၍ လာမည့်သင်ခန်းစာများ၌ ပို၍လေ့လာကြရပါမည်။

နှစ်ပေါင်းရာနှင့်ချီကြာ မေ့လျော့လုနီးပါးဖြစ်သော အမှန်တရားတစ်ခုမှာ ဥပုသ်နေ့အကြောင်း အမှန်တရားဖြစ်သည်။ ဥပုသ်နေ့ကို စောင့်ထိန်းသူများသည် မကြာခဏနှိပ်စက်ညှဉ်းပန်းခြင်းခံရသော်လည်း၊ တစ်ခါတစ်ရံ အရေအတွက်အရ လူနည်းစုဖြစ်သော်ငြားလည်း၊ သမ္မာကျမ်းစာက ဖော်ပြထားသည့်သန့်ရှင်းသောဥပုသ်နေ့ကို စောင့်ထိန်းသော သစ္စာရှိသောသူများ အမြဲတမ်းရှိနေစမြဲဖြစ်သည်။ ၁၈၀၀ ပြည့်နှစ်အစောပိုင်းတွင်၊ သတ္တမနေ့နှစ်ခြင်းခရစ်ယာန်များသည် ဥပုသ်နေ့ကိုစောင့်ထိန်းသူများ၏ ဖွဲ့စည်းသောတစ်ခုတည်းသော အဖွဲ့ အစည်းသာဖြစ်သည်။

ဘုရားသခင်သည် ကြွလာခြင်းကိုမြော်လင့်သောလှုပ်ရှားမှုများ၏ အသစ်သောပြန်လည်ရှာဖွေတွေ့ရှိခဲ့သော အမှန်တရားများ အားလုံးကို ဥပုသ်နေ့သမ္မာတရားနှင့်အတူတကွ ယူဆောင်လာလိမ့်မည်။ သို့သော် အဘယ်သို့နည်း။ သတ္တမနေ့နှစ်ခြင်းများသည် အရေအတွက်အားဖြင့် အနည်းငယ်သာရှိပြီး၊ ကြွလာခြင်းကိုယုံကြည်သောမြော်လင့်ခြင်းယုံကြည်သူများသည် သူတို့တည်ရှိနေသည်ကိုပင် မသိခဲ့ပေ။ သတ္တမနေ့နှစ်ခြင်းများနှင့်တွေ့ဆုံခဲ့ကြသော မြော်လင့်ခြင်းအသင်းသား (ယုံကြည်သူ) များသည် ဥပုသ်နေ့အပေါ် သူတို့၏ ယုံကြည်ချက်ကို သဘောမကျခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် နှစ်ခြင်း (နှစ်ခြင်းအသင်းတော်) များသည် သခင်ယေရှု ၏ မကြာမီကြွလာတော်မူခြင်းအကြောင်း ဖော်ပြခြင်း၏အရေးကြီးပုံကို မတွေ့မြင်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့အပြင်၊ သတ္တမနေ့နှစ်ခြင်းများသည် မြော်လင့်ခြင်းယုံကြည်သူများကို မနှစ်သက်ခဲ့ကြပါ၊ အဘယ်ကြောင့်ဆိုသော် မြော်လင့်ခြင်းအသင်းသားများသည် သမ္မာကျမ်းစာပြောထားသည့် မည်သည့်နေ့သည် သန့်ရှင်းသောနေ့ဖြစ်သည်ကိုပင် မသိခဲ့ကြသောကြောင့်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ပညတ်တော် ၁၀ ပါး အားလုံးကို စောင့်ထိန်းရန် အရေးကြီးနေတုန်းပဲလား။ ကောရိန္သုဩဝါဒစာပဌမစောင် ၇း၁၉။

## တနင်္လာနေ့ ၊ အုတ်စ်နှင့် ဝီလာ ၂

မြော်လင့်ခြင်းယုံကြည်သူများနှင့် သတ္တမနေ့နှစ်ခြင်းတို့သည် အရေးကြီးသောသမ္မာကျမ်းစာအမှန်တရားတစ်ခုစီကို ယုံကြည်ခဲ့ကြသည်။ သို့သော် တစ်အုပ်စုတစ်ခုစီသည် အခြားအုပ်စုတစ်ခုလုံးနှင့် ရောနှောနေသည်ဟု ထင်မြင်ခဲ့ကြသည်။ ဘုရားသခင်သည် ထိုမြော်လင့်ခြင်းယုံကြည်သူများထံ ဥပုသ်နေ့အကြောင်းနှင့်ပတ်သက်သော အမှန်တရားကို အဘယ်သို့ ယူဆောင်ပေးလိမ့်မည်နည်း။



မစ္စစ်ဘိတ်စ်သည် မျက်ရည်ကျလာပြီး၊ "ကျွန်ုပ်တို့ ဘာဆက်လုပ်ရမည်နည်း" ဟု မေးခဲ့လေ၏။

ဂျိုးဇက်ဘိတ်စ်က "ကမ္ဘာအနှံ့သို့ ဥပုပ်နေ့အမှန်တရား ပျံ့နှံ့ဖို့ရန်၊ ငါ စာအုပ်တစ်အုပ်ကို ရေးနေသည်" ဟု ဖြေကြားလိုက်သည်။

မစ္စစ်ဘိတ်စ်က "ငါတို့ ဘာတွေဆက်လုပ်သွားကြမလဲ၊ ဘယ်လိုဆက်လက်အသက်ရှင်နေထိုင်ကြမလဲ" ဟု ရှိုက်ကြီးတငင် ငိုပြောလိုက်၏။

"ဘုရားသခင်သည် ငါတို့ကို ကူညီမစလိမ့်မည်" ဟု သူသည် ပြုံး၍ပြောလိုက်၏။

သူ့ဇနီးက "ဤအရာများသည် သင်အမြဲပြောနေကြစကားပဲ" ဟု ပြောဆိုပြီး၊ သူမသည် အခန်းထဲမှ မျက်ရည်ဖြင့် ထွက်သွားခဲ့သည်။

ထို့နောက် ဘုရားသခင်သည် ကူညီမစပေးခဲ့သည်။ သိပ်မကြာခင်ရက်ပိုင်းအတွင်းဂျိုးဇက်ဘိတ်စ်သည် စာတိုက်မှ ဒေါ်လာ ၁၀ လှူဒါန်းခြင်းကို လက်ခံရရှိခဲ့သည်။ သူသည် ဂျုံမှုန့်တစ်ဘူးလုံးဝယ်ခဲ့သည်။ သူတို့လိုအပ်သော အာလူးများနဲ့ အခြားလိုအပ်သော အရာများကိုလည်း ဝယ်ခဲ့သည်။ သူသည် စာအုပ်ကို ဆက်လက်ရေးသားနိုင်ခဲ့သည်။ မကြာမီတွင်၊ မြောက်များစွာသောလူတို့သည် ဥပုသ်နေ့ အကြောင်းရေးထားသည့် သူ့စာအုပ်ကို ဖတ်နေခဲ့ကြရသည်။

**လက်တွေ့ကျင့်သုံးရန်။** သူ၏အမှုတော်လုပ်ငန်းကို သစ္စာရှိစွာလုပ်ဆောင်နေသူများအား ဘုရားသခင်သည် မည်သည့်ကတိတော်ကို ပေးထားခဲ့သနည်း။ ဖိလိပ္ပိဩဝါဒစာ ၄း၁၉။

## သောကြာနေ့ ၊ ဗျာဒိတ်ကျမ်း ၁၃ ၌ရှိသော သားရဲများ ၄

သခင်ယေရှုကြွလာတော်မမူမီ၊ ဘုရားသခင်၏အရေးကြီးသော နောက်ဆုံးသောကာလသတင်းစကားများကို ကောင်းကင်၌ပျံသန်းနေသည့် ကောင်းကင်တမန်သုံးပါးအကြောင်းကို သမ္မာကျမ်းစာက ဖော်ပြထားသည်။ ဗျာဒိတ်ကျမ်း ၁၄း၆-၁၂။ ကောင်းကင်တမန်သုံးပါးသည် ဘုရားသခင်၏နောက်ဆုံးသတင်းစကားများကို ကမ္ဘာသို့ပေးရမည့် အရေးတကြီးသဘောတရားနှင့်အမြန်နှုန်းကို ကိုယ်စားပြုသည်။



၁၈၃၀ ပြည့်နှစ်တွင် ဝီလီယံမီလာနှင့် ရှေးဦးမြော်လင့်ခြင်းယုံကြည်သူများက သူတို့သည် သခင်ယေရှုမကြာမီပြန်ကြွလာလိမ့်မည်၊ ဤလောကကို တရားစီရင်လိမ့်မည်ဟု စိတ်အားထက်သန်စွာ ဟောပြောဝေငှခြင်းအားဖြင့်သူတို့သည် ပထမကောင်းကင်တမန်သတင်းစကားကို ဝေငှဟောပြောခဲ့ကြသည်။

၁၈၄၀ ပြည့်နှစ်အစောပိုင်းတွင် ပထမကောင်းကင်တမန် သတင်းစကားကို ထင်ရှားကျော်ကြားသော ပရိုတက်စတင့်အသင်းတော်များက ငြင်းပယ်ခဲ့ကြသည်။ ထို့နောက်၊ မြော်လင့်ခြင်းယုံကြည်သူများသည် ထိုအသင်းတော်မှ ထွက်သွားရန် ဖိအားပေးခံရသောအခါ ဒုတိယကောင်းကင်တမန်သတင်းစကားသည် ပြည့်စုံခဲ့သည်။ အသင်းတော်များသည် ပထမကောင်းကင်တမန်၏ သတိပေးခြင်းများကို ငြင်းပယ်ခဲ့ခြင်းမှာ ယခုတွင် ဗာဗုလုန်၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ ဗာဗုလုန်သည် "ပြိုလဲပြီ။"

တတိယကောင်းကင်တမန်သတင်းစကားသည် သားရဲ၏ အမှတ်လက္ခဏာတံဆိပ်အကြောင်း ကြောက်စရာကောင်းသော သတိပေးချက် ဖြစ်သည်။ အငယ် ၉၊ ၁၀။

မြော်လင့်ခြင်းအသင်းသားများသည် သူတို့၏ကျမ်းစာများကို ထပ်မံရှာဖွေခဲ့ကြသည်။ ဗျာဒိတ်ကျမ်း ၁၃ တွင် ဖော်ပြထားသောသားရဲနှစ်ကောင်သည် လူများစွာကို သားရဲ၏အမှတ်အသားကို ခံယူစေလိမ့်မည်ဟု သူတို့တွေ့ရှိခဲ့ကြသည်။ ပရိုတက်စတင့်အသင်းတော်အများစုက အခန်းကြီး၌ဖော်ပြထားသော ပထမသားရဲသည် ရောမကက်သလစ်အသင်းတော်ကို ကိုယ်စားပြုသည်ကို သိခဲ့ကြသည်။ ထိုနောက် ရောမကက်သလစ်အသင်းတော်က သူတို့သည် ဝတ်ပြုကိုးကွယ်သည့် ဘုရားသခင်၏နေ့ကို စနေနေ့မှ တနင်္ဂနွေနေ့ (တစ်ပတ်တာ၏သတ္တမနေ့မှ ပထမနေ့) သို့ ပြောင်းလဲရန် အခွင့်အာဏာရှိသည်ဟု မိမိတို့ကို အခိုင်အမာပြောဆိုဖော်ပြခဲ့ကြသည်ကို မြော်လင့်ခြင်းအသင်းသားများက ရှာဖွေတွေ့ရှိခဲ့သည်။ ဤသည် ကက်သလစ် အ သင်းတော်က ပြောထားခဲ့သည့် သူတို့ရဲ့အခွင့်အာဏာ၏ အမှတ်အသား (အမှတ်တံဆိပ်) ဖြစ်သည်။

သို့သော် ဒုတိယသားရဲသည် ဘာကိုကိုယ်စားပြုသနည်း။ ဗျာဒိတ်ကျမ်း ၁၃း၁၁။ ဤဒုတိယသားရဲသည် သိုးသငယ်နဲ့တူပြီး၊ ရေ (ပင်လယ်) မှ မဟုတ်ဘဲ၊ မြေကြီးမှထွက်လာသည်။ သမ္မာကျမ်းစာတွင်၊ သားရဲများသည် နိုင်ငံတော်များ သို့မဟုတ် တိုင်းပြည်များကိုလည်း ကိုယ်စားပြုသည် (ဒံယေလအနာဂတ္တိကျမ်း ၇း၂၃) ။ ရေသည် လူအများစုရှိသောနေရာများကို ကိုယ်စားပြုပြီး (ဗျာဒိတ်ကျမ်း ၁၇း ၁၅) ၊ မြေကြီးသည် လူများအနည်းငယ်ရှိသော နေရာများကို ကိုယ်စားပြုသည်။ ဤဂရုတစိုက်လေ့လာနေသော ကျမ်းစာကျောင်းသားများအတွက် အမေရိကန်ပြည်ထောင်စုသည် သိုးသငယ်နဲ့တူသည့်သားရဲ၏ဖော်ပြချက်နဲ့ ကိုက်ညီသည့်တစ်ခုတည်းသောနိုင်ငံဖြစ်ကြောင်း ၎င်းသည် ရှင်းရှင်းလင်းလင်း သိမြင်စေပါသည်။

သို့ပေမယ့်၊ ၎င်းသည် သိုးသငယ်ကဲ့သို့တူသော်ငြားလည်း သူသည် နဂါးကဲ့သို့ ပြုမူသည်။ အံ့သြစရာကောင်းသည်မှာ သားရဲအားရုပ်ပုံတစ်ခုပြုလုပ်ခြင်းသည် တစ်နေ့နေ့၌ အမေရိကတွင်နေထိုင်သော လူတို့၏ ပျော်မွေ့ဖွယ် ကောင်းသောဘာသာရေးလွတ်လပ်ခွင့်များကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်းနှင့် သားရဲ၏အခွင့်အာဏာအမှတ်အသားဖြစ်သည့် တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းကို လူတို့အားလက်ခံရန် ပြောဆိုလိမ့်မည်ဟု မြော်လင့်ခြင်းယုံကြည်သူများက နားလည်သဘောပေါက်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ဥပုသ်နေ့ကို ချိုးဖောက်ပြီး တနင်္ဂနွေနေ့ကို သန့်ရှင်းစွာစောင့်ထိန်းရမည်ဟု အစိုးရက ပြောသောအခါ ကျွန်ုပ်တို့သည် ဘာလုပ်သင့်သနည်း။ တမန်တော်ဝတ္ထု ၅း၂၈၊ ၂၉။

© ၂၀၂၃ - My Bible First
www.mybiblefirst.org sales@mybiblefirst.org

